"ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီမှ ကျွန်းလှမြို့နယ်သို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည့် အစီရင်ခံစာ"

လေးစားအပ်ပါသောလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ဦးဇော်လင်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ၊ ကော်မတီ၏ တာဝန်ပေးချက်အရ ကျွန်းလှမြို့နယ်သို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည့် အစီရင်ခံစာအား လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော်တို့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီမှ (၂၉.၁.၂၀၁၉) ရက်နေ့တွင် ကျွန်းလှမြို့နယ်၊ မယားသာအုပ်စု၊ လှည်းချောင်းကူး - မယားသာ-ကန်စွန်းအင်းလမ်းပိုင်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ဖြင့် သိဃ်ခနေ ဆောက်လုပ်ရေး ကုမ္ပဏီမှ ဆောင်ရွက်ခဲ့သော ကျောက်ချောခင်းခြင်း (၁/၀) မိုင်အား ကျွန်းလှမြို့၊ ပိတောက်မြိုင်ရပ်ကွက်နေ ဦးညွန့်တင်၊ ပျဉ်းမမြိုင်ရပ်ကွက်နေ ဦးစိုးဝင်း (ခ) ဦးစိုးလှ၊ ပျဉ်းမမြိုင် ရပ်ကွက်နေ ဦးချမ်းကိုကိုတို့က စိစစ်ဆောင်ရွက်ပေးပါရန် လွှတ်တော်သို့ တင်ပြလာခြင်းအပေါ် လွှတ်တော်ဥက္ကဋ္ဌကြီး၏ တာဝန်ပေးချက်အရ ကော်မတီအဖွဲ့ဝင်(၇)ဦးမှ ကျွန်းလှမြို့နယ် အရည်အသွေးစစ်ဆေးရေးအဖွဲ့များနှင့်အတူ သွားရောက်ပြီး ကွင်းဆင်းစိစစ်ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

ကွင်းဆင်းစိစစ်တွေ့ရှိချက်များ -

ကျွန်တော်တို့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီများ၊ မြို့နယ်အရည်အသွေးစစ်ဆေးရေးအဖွဲ့များ၊ သိဃ်ခနေ ဆောက်လုပ်ရေး ကုမ္ပဏီမှ တာဝန်ရှိသူများ၊ လမ်းပိုင်းအား စိစစ်ဆောင်ရွက်ပေးရန် တင်ပြခဲ့သူများ၊ ဒေသခံပြည်သူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာတာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် အောက်ပါအချက် များကို တွေ့ရှိခဲ့ရပါသည်။

(က) သိဃ်ခနေဆောက်လုပ်ရေးကုမ္ပဏီမှ တင်ဒါအောင်မြင်ပြီး အစိုးရအဖွဲ့ထံ ရေးဆွဲတင်ပြထားသော builder' sestimate တွင် ခင်းရမည့်စံနှုန်းမှာ လမ်း မျက်နှာပြင် အကျယ်ပေ(၂၀)နှင့် အခြေခံဂျင်းမြေခင်းခြင်း လုပ်ငန်းအပါအဝင် (၁၇")ထုခင်းခြင်း ဆောင်ရွက် ရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

(ခ) ကုမ္ပဏီမှ ကျောက်ချောခင်းခြင်းလုပ်ငန်းအတွက် ဆောင်ရွက်ရမည့် သတ်မှတ်ထားသည့် အဆင့်(၆)ဆင့်ရှိသော်လည်း အခြေခံလမ်း မျက်နှာပြင်အား

လိပ်ကျောပုံဖော်မြေညှိခြင်းနှင့် အခြေခံလွှာ ဂျင်းမြေ(၆")ထု ခင်းခြင်းလုပ်ငန်းအား စိစစ်ရန် မလွယ်ကူနိုင် ခဲ့ပါ။ ကော်မတီမှ စိစစ်နိုင်ခဲ့သည်မှာ-

- (၂"×၄")အောက်ခွဲ ကျောက်အသုံးပြုပြီး ဆောင်ရွက်ခြင်းလုပ်ငန်း သိပ်သည်းပြီး (၆")ထုရရှိအောင် ဆောင်ရွက် ခြင်း၊
- (၃") အောက်ကျောက်များ အသုံးပြုပြီး (၃") ထုခင်းခြင်းလုပ်ငန်း
- ဂျင်းမြေ(၂")ထု ရရှိအောင်ခင်းခြင်းနှင့် လမ်းပခုံးသား မြေဖို့ခြင်း လုပ်ငန်းတို့သာ ဖြစ်ပါတယ်။

ကော်မတီမှ လမ်းမျက်နှာပြင်သို့ တိုင်းတာခြင်းနှင့် ပွိုင့် (၄)ခု ထုထည်ဖောက်၍ စိစစ်ရာတွင် ဂျင်းမြေ(၂")ထုခင်းခြင်း လုပ်ငန်းအပါအဝင် (၁၁")ထု ရရှိမှာဖြစ်သော်လည်း အမြင့်ဆုံး လမ်းထုထည်မှာ (၇")ထုထည်သာရှိသည်ကို စိစစ်တွေ့ရှိရပါတယ်။ (၁"×၂")ကျောက်နှင့် (၃")အောက်ခွဲကျောက်များ အသုံးပြုမှု နည်းပါးတာကို စိစစ်တွေ့ရှိရပါတယ်။

ထို့ပြင် လမ်းအကျယ်ပေမှာ လမ်းပခုံးသားမြေဖို့ခြင်း အပါအဝင် ဂျင်းမြေခင်းခြင်း လုပ်ငန်း (၂၀)ပေ ရရှိမှာဖြစ်သော်လည်း မယားသာကျေးရွာတွင်း (၃)ဖာလုံခန့်သာ လမ်းမျက်နှာပြင်အကျယ် ပြည့်မှီပြီး ကျန်နေရာများမှာ (၁၆)ပေ အကျယ်မျှသာရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ သို့သော် ကော်မတီမှ သွားရောက်စိစစ်ချိန်တွင် ဂျင်းမြေထုမပြည့်မှီသော်လည်း ဂျင်းမြေကောင်းတာ ကိုတော့ စိစစ်တွေ့ရှိရပါတယ်။

ကော်မတီမှ လမ်းပိုင်းအားစိစစ်တွေ့ရှိချက်နှင့် ပတ်သက်၍ မြို့နယ်အရည်အသွေး စစ်ဆေးရေးအဖွဲ့၏ သဘောထားတောင်းခံရာတွင် ၎င်းကျောက်ချော လမ်း (၁)မိုင်ပေါ်တွင် သိဃ်ခနေဆောက်လုပ်ရေးကုမ္ပဏီအား (၁"-၂") အောက် ခွဲကျောက် သတ်မှတ်ထုမပြည့်မှီသော နေရာများအား ပြန်လည်ဖြည့်တင်း၍ ဂျင်းပြန်လည်ခင်းပေးသင့်ကြောင်း၊ လမ်းပခုံး မပြည့်မှီသော နေရာများအား စစ်ဆေး၍ သတ်မှတ်အကျယ် ပြည့်မှီအောင် ဆောင်ရွက်စေသင့်ကြောင်း လမ်းပိုင်းအား ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (Detial) စစ်ဆေးစေသင့်ကြောင်း၊ မြို့နယ်အရည်အသွေး စစ်ဆေးရေးအဖွဲ့မှ သဘောထား တင်ပြလာပါတယ်။

ကော်မတီ၏ စိစစ်တွေ့ရှိချက်များအား (၄-၃-၂၀၁၉)ရက်နေ့တွင် ပြုလုပ်သောကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ သိဃ်ခနေ ဆောက်လုပ်ရေးကုမ္ပဏီမှ ဆောင်ရွက်ခဲ့သော လှည်းချောင်းကူး- မယားသာ- ကန်စွန်းအင်း လမ်းပိုင်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အရည်အသွေး ပြည့်မီစေရေး ၂၀၁၉ခုနှစ်၊ မေလကုန်တွင်အပြီး ပြန်လည်ဆောင်ရွက်စေရန်နှင့် ပြန်လည် ဆောင်ရွက်ပေးခြင်းမရှိပါက သိဃ်ခနေဆောက်လုပ်ရေးကုမ္ပဏီအား တိုင်းဒေသကြီး အစိုးရအဖွဲ့မှ Black List ကြေငြာ၍ အရေးယူဆောင်ရွက်သွားရန်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် သိဃ်ခနေ ဆောက်လုပ်ရေးကုမ္ပဏီမှ ပြန်လည် ဆောင်ရွက်ပြီးစီးသည့် လမ်းပိုင်းလုပ်ငန်းများအား ကော်မတီသို့ ပြန်လည်အကြောင်းပြန်ပေးရန် စသည်ဖြင့်

ကျွန်တော်တို့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆိုင်ရာကော်မတီ၏ ကွင်းဆင်းစိစစ်တွေ့ ရှိချက်များအပေါ် အခြေခံ၍ အကြံပြုချက်များအား လွှတ်တော်သို့အစီရင်ခံ တင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးဇော်လင်းဦး**
**(အဖွဲ့ဝင်)**
**ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်**
**ဆောက်လုပ်ရေးဆိုင်ရာကော်မတီ**